မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


**အမှတ် ၃၂ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် ( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက် ) } **သောကြာနေ့ [ အတွဲ ၆၆**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် )

**နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်အား ဖျက်သိမ်းခြင်း**

နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်အား ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် )

**စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်သူတို့၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့်တွက်ချက်မှုများနှင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးရေးအတွက် လိုအပ်သောမူဝါဒများ ချမှတ်နိုင်ရန် **“စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ”** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) ဒုတိယသမ္မတ (၂) နာယက

| | | |
|---|---|---|
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |

(န) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

(ပ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဖ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၁)
ဗဟိုစာရင်းအင်းအဖွဲ့
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၂)
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂။ စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စာရင်းအင်းကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်ရေးဆောင်ရွက်ရန်။

(ခ) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်တမ်းနှင့်စာရင်းအင်းဆိုင်ရာလုပ်ငန်းရပ်များ ဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲလမ်းညွှန်ရန်။

(ဂ) ပြည်ထောင်စုဝန်ကြီးဌာနအလိုက် တာဝန်ယူရသော ကဏ္ဍအသီးသီးတွင် ပြည့်စုံကောင်းမွန်သည့် စာရင်းအင်းနှင့်စစ်တမ်းစနစ်တစ်ရပ် ပေါ်ပေါက်လာရေး ပေါင်းစပ်ညှိနှိုင်းစီမံရန်။

(ဃ) အမျိုးသားစာရင်းအင်းစနစ်ကို ပူးပေါင်းနည်းတည်ထောင်ရာတွင် လိုအပ်သည့် အကြံဉာဏ်နှင့် လမ်းညွှန်မှုများ ပေးရန်။

(င) အမျိုးသားအဆင့်စာရင်းအင်းဆိုင်ရာအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုတို့ကို ကြီးကြပ်လမ်းညွှန်ရန်။

(စ) နိုင်ငံတကာစာရင်းအင်းစနစ်များနှင့် လိုက်လျောညီထွေရှိစေရန် အမျိုးသားစာရင်းအင်းစနစ်အပေါ် အကဲဖြတ်သုံးသပ်ခြင်း၊ လိုအပ်ချက်များကို ကဏ္ဍအလိုက်သုံးသပ်ခြင်းနှင့် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရန်။

(ဆ) ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ စာရင်းအင်းကောက်ယူသည့်စနစ်နှင့် စာရင်းအင်းပြုစုခြင်းဆိုင်ရာနည်းစနစ်များ တစ်ပြေးညီဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် သင်တန်းပေးခြင်းများအား စီမံဆောင်ရွက်ရန်။

(ဇ) ခေတ်နှင့်လျော်ညီသည့် အမျိုးသားစာရင်းအင်းဥပဒေ ပြန်လည်ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ်ရန်။

၃။ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြအစီရင်ခံရန်နှင့် လိုအပ်သည့်ကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် )

**(၆၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၂၀၁၃ ခုနှစ်၊ (၆၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် **"(၆၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(၁) **(၆၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ**

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | နာယက |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဎ) ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဏ) ဒုတိယဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(တ) ဒုတိယဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ထ) တွဲဖက်စစ်ရေးချုပ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) — အဖွဲ့ဝင်

(ဒ) ဒုတိယဝန်ကြီး ယဉ်ကျေးမှုဝန်ကြီးဌာန — အတွင်းရေးမှူး

(ဓ) ရန်ကုန်မြို့တော်ဝန် (ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန) — တွဲဖက်အတွင်းရေးမှူး

(၂) (၆၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အာဇာနည်နေ့အခမ်းအနားကျင်းပရေးအတွက် မူဝါဒများ ချမှတ်ခြင်း။

(ခ) အာဇာနည်နေ့အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ၏လုပ်ငန်းများအား ကြီးကြပ်လမ်းညွှန်ခြင်း။

(ဂ) အာဇာနည်ဗိမာန်နှင့်ဗိုလ်ချုပ်ပြတိုက် စနစ်တကျလုံခြုံမှုရှိစေရေးအတွက် စီမံဆောင်ရွက်ခြင်း။

(၃) **(၆၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ**

(က) ဝန်ကြီးချုပ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး ယဉ်ကျေးမှုဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ဝန်ကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်

(ဃ) ဝန်ကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်

(င) ဝန်ကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်

(စ) ဝန်ကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်

(ဆ) ဝန်ကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်

| | | |
|---|---|---|
| (ဇ) | ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ကရင်တိုင်းရင်းသားရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ဒုတိယတိုင်းမှူး<br>ရန်ကုန်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်<br>စာကြည့်တိုက်ဦးစီးဌာန<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ<br>ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ | အဖွဲ့ဝင် |
| (န) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ပ) | တိုင်းကျန်းမာရေးဦးစီးမှူး<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဖ) | အင်ဂျင်နီယာမှူးကြီး<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |

(ဗ) ဥက္ကဋ္ဌ
တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီ
ရန်ကုန်တိုင်းဒေသကြီး — အဖွဲ့ဝင်

(ဘ) ရန်ကုန်မြို့တော်ဝန်
(ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန) — အတွင်းရေးမှူး

(မ) အတွင်းရေးမှူး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ — တွဲဖက်အတွင်းရေးမှူး

(၄) (၆၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဗဟိုကော်မတီမှ ချမှတ်သော မူဝါဒများနှင့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ခ) လိုအပ်သည့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း။

(ဂ) အခမ်းအနား အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အနီးကပ်ကြီးကြပ်ခြင်း၊ ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအား အငြိမ်းစားပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ထွဋ်ဝင်းအား ယနေ့မှစ၍ အငြိမ်းစားပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် (မန္တလေး) မှ ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်မောင်ဟန်အား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ တစ်နိုင်ငံလုံးအတိုင်းအတာလွှမ်းခြုံသည့် ရေအရင်းအမြစ်များအား စီမံဆောင်ရွက်နိုင်ရန်အတွက် **“အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ”** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>မြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဎ) | မြို့တော်ဝန်<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဏ) | ကိုယ်စားလှယ်ဝန်ကြီးတစ်ဦး<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ပ) | ဗိုလ်မှူးကြီးစန်းမြင့် (ငြိမ်း)<br>အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ဖ) | ဥက္ကဋ္ဌ/အတွင်းရေးမှူး<br>ရေဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များအဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အတွင်းရေးမှူး |

၂။ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရေကို အခြေပြု၍ တရားမျှတသော ရေခွဲဝေမှုစနစ်၊ ပြည်သူအားလုံး ပါဝင်နိုင်သော ပွင့်လင်းမြင်သာမှုရှိသည့် ဘက်စုံရေစီမံခန့်ခွဲမှုစနစ် (Integrated Water Resources Management Systems) တစ်ခုကို မြန်မာနိုင်ငံတွင် ကျင့်သုံး၊ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ကိစ္စအဝဝတို့ကို တာဝန်ယူဆောင်ရွက်ရန်။

(ခ) အမျိုးသားရေအရင်းအမြစ်ဆိုင်ရာဘက်စုံစီမံခန့်ခွဲရေး မဟာဗျူဟာ [National Integrated Water Resources Management (IWRM) Strategy] တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန်။

(ဂ) အမျိုးသားရေအရင်းအမြစ်မူဝါဒ (National Water Resources Policy) တစ်ရပ် ရေးဆွဲချမှတ်ရန်။

(ဃ) နိုင်ငံတော်၏ရေအရင်းအမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှိရင်းစွဲရေအရင်းအမြစ်များ အပေါ် အခြေခံ၍ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရေနှင့်ဆိုင်သော အခြေခံမူဘောင် (Water Framework Directive) ကို ရေးဆွဲချမှတ်ဆောင်ရွက်ရန်။

(င) ရေးဆွဲသည့် အမျိုးသားရေအရင်းအမြစ်ဆိုင်ရာဘက်စုံစီမံခန့်ခွဲရေး မဟာဗျူဟာနှင့် အမျိုးသား ရေအရင်းအမြစ်မူဝါဒတို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပေါ်ထွန်းလာစေရေး စီမံကွပ်ကဲပေးရန်၊ ယင်းဥပဒေ တို့၏အခန်းကဏ္ဍသစ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လိုအပ်သလို ဖြည့်စွက်ထည့်သွင်းပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်။

(စ) မြစ်၊ ချောင်း၊ အင်း၊ အိုင် အစရှိသော မြေပေါ်စီးဆင်းရေနှင့် မြေအောက်ရေစီမံခန့်ခွဲမှုများတွင် အသင့်လျော်ဆုံး ဖြန့်ကြက်ယူနစ်အဖြစ် မြစ်ဝှမ်းကို အခြေခံထား၍ ဆောင်ရွက်ခြင်း (River Basin Development) နှင့် ရာသီဥတုပြောင်းလဲခြင်း (Climate Change) ၏အကျိုးဆက်များကို ထည့်သွင်းစဉ်းစားခြင်းတို့တွင် ဦးဆောင်ဦးရွက်ပြုရန်။

(ဆ) ရေအရင်းအမြစ်အား ကဏ္ဍစုံတွင် အကျိုးထိရောက်စွာသုံးစွဲနိုင်ရေး၊ ရေညစ်ညမ်းမှုကို ကာကွယ် လျော့ပါးစေရေးနှင့် လေလွင့်ဆုံးရှုံးမှုများ နည်းနိုင်သမျှနည်းပါးစေရေးတို့ကို စီမံချက်များ ချမှတ်၍ အလေးထားဆောင်ရွက်သွားရန်။

(ဇ) ရေအရင်းအမြစ်တို့ကို စီးပွားရေးနှင့် ဝန်ဆောင်ခြင်းအလို့ငှာ အသုံးပြုခြင်းများမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အခွန်ဘဏ္ဍာရရှိစေမည့် နည်းလမ်းများကို ရှာဖွေ၍ ယင်းနှင့်ပတ်သက်သော အခွန်ဘဏ္ဍာဆိုင်ရာဥပဒေပြုမှုများ ဆောင်ရွက်ရန်။

(ဈ) ရေအရင်းအမြစ်နှင့်ဆက်စပ်သော ရင်းနှီးမြှုပ်နှံမှုများအား ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် တွဲဖက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်ရေးအတွက် သီးခြားမူဝါဒ ချမှတ်ဆောင်ရွက်ပေးရန်။

(ည) ရေနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များ (Water Related Disasters) ကျရောက်မှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုများအား ကာကွယ်ရန်၊ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာစီမံကိန်းများ ရေးဆွဲရန် လိုအပ်သောတွက်ချက်မှုများ၊ သုံးသပ်ချက်များကို ပြုလုပ်ရန်နှင့် နိုင်ငံတော်၏ရေပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရန် ကိစ္စရပ်များအတွက် မရှိမဖြစ်လိုအပ်သော ရေအရင်းအမြစ်ဆိုင်ရာဆုံးဖြတ်ချက် အထောက်အကူပြုစနစ် (Water Resources Decision Support System) နှင့် ယင်း၏အထောက်အကူပြုအချက်အလက်ဘဏ်များ (Data Banks) တည်ထောင်ရန်။

(ည) ရေနှင့်ဆက်နွယ်သော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်။

(ဋ) အထက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ရေနှင့်ဆိုင်သော ဘက်စုံ၊ ရှုထောင့်စုံမှ လေ့လာသုံးသပ်တွက်ချက်မှုများ လိုအပ်သည့်အားလျော်စွာ ရေဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်အဖွဲ့ (Expert Group) ကို ဖွဲ့စည်း၍ ၎င်းတို့၏ပညာရပ်ဆိုင်ရာပံ့ပိုးမှုများကို ရယူသွားရန်နှင့် ၎င်းအဖွဲ့ အလုပ်လုပ်နိုင်ရန်အတွက် လိုအပ်သောအထောက်အပံ့များ ဖြည့်ဆည်းပေးရန်။

(ဌ) အထက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ရေအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ယုံကြည်အပ်နှံရန်ပုံငွေ (Water Resources Trust Fund) တစ်ရပ်ကို တည်ထောင်၍ ပြည်တွင်းပြည်ပမှ ရန်ပုံငွေများ ရှာဖွေစုဆောင်းပေးရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၈၇ (၁၀၀)/၇/သမ္မတရုံးအား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## (အမိန့်အမှတ် ၁၈/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

## ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးဇေယျာအောင် | စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဦးမောင်မြင့် | စက်မှုဝန်ကြီးဌာန |
| (၃) | ဦးအေးမြင့် | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန |
| (၄) | ဦးသန်းငြေး | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၁၉/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်မောင်မောင်အုန်းအား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၂၀/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာစန်းလွင်အား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၂၁/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ နေပြည်တော်ကောင်စီ ကောင်စီဝင် ဒေါက်တာသန်းအောင်အား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၂၂/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**ဒုတိယဝန်ကြီးများ ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ၎င်းတို့၏သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည် -

(၁)　ဦးအေးကြူ　　ပညာရေးဝန်ကြီးဌာန
(၂)　သူရဦးသောင်းလွင်　　ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၂၃/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်စေခြင်း**

ပြည်ထဲရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တာဝန် ပူးတွဲထမ်းဆောင်သူ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်စေလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၂၄/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၂၅/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဒေါက်တာဝင်းမြင့် | သမ္မတရုံးဝန်ကြီးဌာန (၁) |
| (၂) | ဒေါက်တာဇော်မင်းအောင် | ပညာရေးဝန်ကြီးဌာန |
| (၃) | ဦးထင်အောင် | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန |
| (၄) | ဦးမြင့်သိန်း | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |
| (၅) | ဦးဘရွှေ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၂၆/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၂၈/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက် )

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် - (၅၀၉)၊ ကွင်းအမည် - ဒေးစွန်ပါကွင်း၊ ဦးပိုင်အမှတ် (N-၁၈၁) ရှိ **သဗ္ဗက္ကစ္စိတံဘုရားကျောင်း** အခွန်လွတ်သာသနာ့မြေဧရိယာ (၁. ၉၅) ဧကအနက်မှ **(၀. ၀၆) ဧကကို** ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယိကာမ ဒေါ်ခင်ပြုံးရီ [၁၂/ဥကတ (နိုင်) ၀၁၇၃၇၁] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၂၉/၂၀၁၃)**

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့၊ အမှတ် (၄) ရပ်ကွက်၊ ကွင်းအမှတ် (၈၄၄-ဂ)၊ ကွင်းအမည်- စာစင်ကွင်း၊ မြေကွက်အမှတ် (၃၁၅) ရှိ **ပရိယတ္တိပရဟိတဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာ့မြေဧရိယာ (၃. ၅၃) ဧကအနက်မှ **(၀. ၀၆) ဧကကို** ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးကျော်ရွှေ [၁၀/မဒန (နိုင်) ၀၆၈၀၄၆] + သိမ်ဒါယိကာမ ဒေါ်ဌေးဌေး [၁၀/မဒန (နိုင်) ၀၄၅၅၆၄] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၃၃/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃ ရက် )

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောင်ရင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၇/တောင်ရင်း) အခြားမြေဧရိယာ **(၅. ၀၅)** ဧကအား မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ **"ရဲရွာရေအားလျှပ်စစ်စီမံကိန်း (ဘယ်လင်းအခြေစိုက်စခန်း)"** မြေအဖြစ် အသုံးပြုရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုက်သည်။

လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ **"ရဲရွာရေအားလျှပ်စစ်စီမံကိန်း (ဘယ်လင်းအခြေစိုက်စခန်း)"** မြေအဖြစ် အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။

**အမိန့်ကြော်ငြာစာ (၃၄/၂၀၁၃)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ်၊ ကျောက်အိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၃၃/ကုက္ကိုကြီးကွင်း) အခြားမြေဧရိယာ **(၉. ၀၈)** ဧကအား မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **"သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ"** မြေအဖြစ် အသုံးပြုရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုက်သည်။

လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ**မြေအဖြစ် အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။

## အမိန့်ကြော်ငြာစာ (၃၅/၂၀၁၃)

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ဝါတိုးရပ်ကွက်၊ အကွက်အမှတ် (၁၁၉၆/သိမ်တော်ကုန်း-တောင်)၊ ဦးပိုင်အမှတ် (၈/၁၊ ၄-က/၁)၊ မြေဧရိယာ **(၇. ၇၃) ဧက**အား ဝါကြိတ်စက်ရုံမြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၇၁,၀၄၀/-)** နှုန်းဖြင့် စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ **"ဝါကြိတ်စက်ရုံ (ရမည်းသင်း)"** အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀)** စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၃၆/၂၀၁၃)

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ ကျောက်ထုမြို့နယ်ခွဲ၊ နသိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅၀/သရက်ချဉ်ရွာမ)၊ မြေကွက်အမှတ် (၆၀)၊ မြေဧရိယာ **(၅. ၀၈) ဧက**အား **ဆေးပေါင်းရုံ**မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၈,၂၈၈/-)** နှုန်းဖြင့် **"မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်"** အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀)** စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၃၉/၂၀၁၃)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ကွမ်တာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၈၃၀-က/ကွမ်တာအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၃/ဃ/၄) ရှိ **ဓမ္မဝိဟာရရိပ်သာ ဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာ့မြေဧရိယာ (၀. ၅၆) ဧကအနက်မှ **(၀. ၀၅) ဧကကို** ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယိကာမ ဒေါ်အုန်းမြ [၁၀/မဒန (နိုင်) ၀၁၉၄၂၁] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၀/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၅ ရက် )

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (H-ဇ/မြို့သစ်)၊ ဦးပိုင်အမှတ် (၄၃)၊ မြေဧရိယာ **(၈. ၂၅၂) ဧက**အား **မလှိုင်ဝါကြိတ်စက်ရုံ**မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၉၉,၀၂၄/-)** နှုန်းဖြင့် စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ **"မလှိုင်ဝါကြိတ်စက်ရုံ"** အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀)** စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၄/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၆ ရက် )

ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂) ထောက်လှမ်းရေးတပ်အတွက် လွှဲပြောင်းပေးခဲ့သော ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ ကွင်းအမှတ်/အမည် (၈၀/ဆေးရုံကြီးမြောက်)၊ ဦးပိုင်အမှတ် (၁၂ + ၁၃) ရှိ မြေဧရိယာ **(၂. ၈၆၈)** ဧကအား မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **"လွိုင်ကော်ခရိုင်**

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန"** မြေအဖြစ် အသုံးပြုရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုက်သည်။

လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လွိုင်ကော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**မြေအဖြစ် အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။

## အမိန့်ကြော်ငြာစာ (၄၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၇ ရက် )

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့နယ်ခွဲ၊ ဟိုင်းလိုက်ကျေးရွာအုပ်စု၊ ကွင်းအမည် (ကွင်းပြင်ကွင်း)၊ တောရိုင်းမြေဧရိယာ **(၁၀၁၄)** ဧကအား မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **"အမှတ် (၉၂၁) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း"** မြေအဖြစ် အသုံးပြုရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုက်သည်။

လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အမှတ် (၉၂၁) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း**မြေအဖြစ် အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။

## အမိန့်ကြော်ငြာစာ (၄၇/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၀ ရက် )

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ-၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါ မြေများကို အများပြည်သူအကျိုးငှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန **"ရဲရွာရေအားလျှပ်စစ်စီမံကိန်း (ရေစစ်ကန်)"** မြေအဖြစ် အသုံးပြုရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အလိုရှိကြောင်း ကြော်ငြာလိုက်သည် -

**မြေတည်ရှိရာဒေသ**

| **တိုင်းဒေသကြီး/ ပြည်နယ်** | **မြို့နယ်** | **ကျေးရွာအုပ်စု အမည်** | **ကွင်း အမှတ်/အမည်** | **ဦးပိုင် ပေါင်း** | **မြေဧရိယာ (ဧက)** |
|---|---|---|---|---|---|
| မန္တလေး | စဉ့်ကိုင် | ဘယ်လင်း | ၁၁၅-က/ဘယ်လင်း | ၁ ခု | ၀. ၁၉ |
| | | | | **၁ ခု** | **၀. ၁၉** |

မြေသိမ်းအက်ဥပဒေပုဒ်မ-၃၊ အပိုဒ်ခွဲ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ခရိုင်အုပ်ချုပ်ရေးမှူး၊ ကျောက်ဆည်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

မြေသိမ်းအက်ဥပဒေပုဒ်မ-၄၊ ပုဒ်မခွဲ (၂) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အထက်ဖော်ပြပါဒေသရှိ မြေနှင့်စပ်လျဉ်း၍ ယင်းအက်ဥပဒေပုဒ်မခွဲတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရန် ခရိုင်အုပ်ချုပ်ရေးမှူး၊ ကျောက်ဆည်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လုပ်ပိုင်ခွင့် အပ်နှင်းလိုက်သည်။

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ-၆ အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန **"ရဲရွာရေအားလျှပ်စစ်စီမံကိန်း (ရေစစ်ကန်)"** အတွက် အသုံးပြုရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အလိုရှိကြောင်း ကြေညာလိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်**။ တိုင်းတာသတ်မှတ်ထားသောမြေ၏ ကွင်းအမှတ်/အမည်၊ ဦးပိုင်အမှတ်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု | ပိုင်ရှင်အမည် | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | မြေဧရိယာ |
|---|---|---|---|---|---|---|
| ၁။ | စဉ့်ကိုင် | ဘယ်လင်း | ဒေါ်အုံးကြည် | ၁၁၅က/ဘယ်လင်းကွင်း | ၆၁-က | ၀. ၁၉ |

ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

အရှေ့လားသော် - လယ်မြေ
အနောက်လားသော် - မင်းရဲမြောင်း
တောင်လားသော် - အထက်သားစက်ရုံ (ရေစစ်ကန်)
မြောက်လားသော် - ရဲရွာရေအားလျှပ်စစ်လမ်း

**မှတ်ချက်**။ ။ စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၁၁ ခုနှစ်အတွက် အသုံးပြုသောမြေပုံအရဖြစ်၍ အထက်ဖော်ပြပါမြေပုံကို ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ-၁၇၊ ပုဒ်မခွဲ (၁) အရ မြေသိမ်းအက်ဥပဒေပုဒ်မ-၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက်ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန **"ရဲရွာရေအားလျှပ်စစ်စီမံကိန်း (ရေစစ်ကန်)"** အတွက် အသုံးပြုရန် **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**သို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ်တော်အရာရှိအား ညွှန်ကြားလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက် )

အမှတ် ၄၃ ။ ။ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ (က) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆ ဂျေ) မြေပိုင်မြေ၊ မြေကွက်အမှတ် (၁၁၃/၄)၊ ဧရိယာ (၀. ၂၄၈) နှင့် မြေကွက်အမှတ် (၁၁၃/၅)၊ ဧရိယာ (၀. ၂၄၈) ဧကရှိမြေအား ဒေါ်အန်နီအောင် ရရှိမည့် အမွေဝေစုအပေါ် ဒေါ်မြမြဝင်း (ခ) ဝူးကောင်းလျံ (CD 100441) ပါ (၅) ဦးနှင့် အမွေကြောင်းသက်ဝင်သူများအား အမွေဆက်ခံခွင့်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

အမှတ် ၄၄ ။ ။ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ကုန်သည်လမ်း၊ အကွက်အမှတ် (၈၄)၊ ဈေးကွက်၊ ဦးပိုင်အမှတ် (၁၂၇)၊ ဧရိယာ (၀. ၂၄၄) ဧကရှိ မြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၀/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၉ ရက် )

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ - ၄၊ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ - ၆ အရ အောက်ဖော်ပြပါ မြေများကို အများပြည်သူအကျိုးငှာ **သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း**မြေအဖြစ် အသုံးပြုရန်အတွက် **သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ**သို့ စက်မှုမြေငှားဂရန် ထုတ်ပေးရန်အလို့ငှာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အလိုရှိကြောင်း ကြော်ငြာလိုက်သည် -

**မြေတည်ရှိရာဒေသ**

| တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ရပ်ကွက်/ကျေးရွာ အုပ်စုအမည် | ကွင်း | | ဦးပိုင် ပေါင်း | မြေဧရိယာ (ဧက) |
|---|---|---|---|---|---|---|
| | | | အမှတ် | အမည် | | |
| ရန်ကုန် | ကျောက်တန်း | အေးမြသီတာ ရပ်ကွက် | ၆၀၉-A | ဖလမ်းကွင်း | ၂၁ ခု | ၈၉. ၆၂ |
| ။ | ။ | ။ | ၆၁၀ | ဖလမ်းတောင် ကွင်း | ၇၁ ခု | ၇၆၀. ၁၁ |
| ။ | ။ | ။ | ၆၁၉-B | ကျိုက္ကမော့ အနောက်ကွင်း | ၁၀ ခု | ၇၁. ၀၆ |
| ။ | ။ | သီတာမြိုင် ရပ်ကွက် | ၆၁၁ | ဘုရားငုတ္တို ကွင်း | ၂၀ ခု | ၃၅၄. ၂၃ |
| ။ | ။ | ။ | ၆၁၁-A | ကရပ်ရွာကွင်း | ၁၇ ခု | ၄၆၅. ၂၈ |
| ။ | ။ | ။ | ၆၁၈-A | ကရပ်ကွင်း | ၅ ခု | ၆၁. ၅၇ |
| ။ | ။ | ရွှေပျောက် ကျေးရွာအုပ်စု | ၆၁၉ | ကျိုက္ကမော့ ကွင်း | ၄ ခု | ၂၀. ၃၇ |
| **စုစုပေါင်း** | | | | **(၇) ကွင်း** | **(၁၄၈) ခု** | **၁၈၂၂. ၂၄** |

မြေသိမ်းအက်ဥပဒေပုဒ်မ - ၃၊ အပိုဒ်ခွဲ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ခရိုင် အုပ်ချုပ်ရေးမှူး၊ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို ဆောင်ရွက်ရန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

မြေသိမ်းအက်ဥပဒေပုဒ်မ - ၄၊ ပုဒ်မခွဲ (၂) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အထက် ဖော်ပြပါဒေသရှိ မြေနှင့်စပ်လျဉ်း၍ ယင်းအက်ဥပဒေပုဒ်မခွဲတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရန် ခရိုင်အုပ်ချုပ်ရေးမှူး၊ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လုပ်ပိုင်ခွင့်အပ်နှင်း လိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်**။ တိုင်းတာသတ်မှတ်ထားသောမြေ၏ ကွင်းအမှတ်/အမည်၊ ဦးပိုင် အမှတ်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များကို နောက်ဆက်တွဲပါအတိုင်း ဖော်ပြအပ်ပါသည် -

ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ သီလဝါအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်မြေများဖြစ်ပါသည်။

**မှတ်ချက်**။ စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် အသုံးပြုသော မြေပုံအရဖြစ်၍ အထက်ဖော်ပြပါမြေပုံကို ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ - ၁၇၊ ပုဒ်မခွဲ (၁) အရ မြေသိမ်းအက်ဥပဒေပုဒ်မ - ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက် ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင် သီလဝါအထူးစီးပွားရေးဇုန်အဖြစ် မှတ်သားရမည်။

အဆိုပါမြေကို အထူးစီးပွားရေးဇုန်စီမံကိန်းမြေအဖြစ် အသုံးပြုရန်အတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ စက်မှုမြေငှားဂရန် ထုတ်ပေးနိုင်ရန်အလို့ငှာ လွှဲပြောင်း ပေးရမည်ဟု ကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

**နောက်ဆက်တွဲ**

| စဉ် | မြို့နယ် | ရပ်ကွက်/ကျေးရွာအုပ်စုအမည် | ပိုင်ရှင်အမည် | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ်ပေါင်း | ဧရိယာ (ဧက) |
|---|---|---|---|---|---|---|
| ၁။ | ကျောက်တန်း | အေးမြသီတာ ရပ်ကွက် | စက်မှုဇုန်အဆင့် (၁) စီမံကိန်းမြေ | ၆၀၉-A၊ ဖလမ်းကွင်း | ၂၁ ခု | ၈၉. ၆၂ |
| ၂။ | ॥ | ॥ | စက်မှုဇုန်အဆင့် (၁) စီမံကိန်းမြေ | (၆၁၀)/ဖလမ်း တောင်ကွင်း | ၇၁ ခု | ၇၆၀. ၁၁ |
| ၃။ | ॥ | ॥ | စက်မှုဇုန်အဆင့် (၁) စီမံကိန်းမြေ | (၆၁၉-B)/ ကျိုက္ကမော့ အနောက်ကွင်း | ၁၀ ခု | ၇၁. ၀၆ |
| ၄။ | ॥ | သီတာမြိုင် ရပ်ကွက် | စက်မှုဇုန်အဆင့် (၁) စီမံကိန်းမြေ | (၆၁၁)/ ဘုရားငုတ္တိုကွင်း | ၂၀ ခု | ၃၅၄. ၂၃ |
| ၅။ | ॥ | ॥ | စက်မှုဇုန်အဆင့် (၁) စီမံကိန်းမြေ | (၆၁၁-A)/ ကရပ်ရွာကွင်း | ၁၇ ခု | ၄၆၅. ၂၈ |
| ၆။ | ॥ | ॥ | စက်မှုဇုန်အဆင့် (၁) စီမံကိန်းမြေ | (၆၁၈-A)/ ကရပ်ကွင်း | ၅ ခု | ၆၁. ၅၇ |
| ၇။ | ॥ | ရွှေပျောက် ကျေးရွာအုပ်စု | စက်မှုဇုန်အဆင့် (၁) စီမံကိန်းမြေ | (၆၁၉)/ ကျိုက္ကမော့ကွင်း | ၄ ခု | ၂၀. ၃၇ |
| **စုစုပေါင်း** | | | | | **(၁၄၈) ခု** | **၁၈၂၂. ၂၄** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက် )

အမှတ် ၃၀၈/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိန်ဦးအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၃၀၉/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဇေယျအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ နံနက်ပိုင်းမှ အစပြု၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၃၁၀/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သူအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံ ရေးရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) အဖြစ် ရာထူး တိုးမြှင့်ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက် )

အမှတ် ၃၇ ။ ။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၃) ၏ သဘောတူညီချက် အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လက်အောက်ရှိ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်ရုံး၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရုံးနှင့် ရှမ်းပြည်နယ် မက်မန်းမြို့နယ်ရုံး၊ မြို့နယ်ရုံး (၃) ရုံးကို ခရိုင်ရုံးအဆင့်သို့ တိုးမြှင့်ရန်အတွက် အရာထမ်းရာထူး (၃) နေရာ၊ အမှုထမ်းရာထူး (၁၈) နေရာ တိုးချဲ့၍လည်းကောင်း၊ ရှမ်းပြည်နယ် ပန်ယန်းမြို့နယ်ရုံးနှင့် မန်ဖန်မြို့နယ်ရုံး၊ မြို့နယ် (၂) ရုံး၏ အမှုထမ်း ရာထူး (၁၆) နေရာကို ပယ်ဖျက်၍လည်းကောင်း၊ ကယားပြည်နယ်၊ ဘောလခဲခရိုင် မယ်စဲ့မြို့နယ်ရုံးနှင့် ရှမ်းပြည်နယ်၊ မက်မန်းခရိုင် ပန်ဆန်း (ပန်ခမ်း) မြို့နယ်ရုံး၊ မြို့နယ်ရုံး (၂) ရုံးကို အမှုထမ်းရာထူး (၁၆) နေရာဖြင့်လည်းကောင်း၊ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပလက်ဝမြို့နယ် ဆမီးမြို့နယ်ခွဲရုံးနှင့် စစ်ကိုင်းတိုင်း ဒေသကြီး၊ ဆွမ္မရာမြို့နယ်ခွဲရုံး (၂) ရုံးကို အမှုထမ်းရာထူး (၁၂) နေရာဖြင့်လည်းကောင်း စံနှုန်းနှင့်အညီ

ပြင်ဆင်ဖွဲ့စည်းရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဖွဲ့စည်းပုံတွင် အရာထမ်းရာထူး (၃) နေရာ၊ အမှုထမ်းရာထူး (၃၀) နေရာ တိုးချဲ့ဖွဲ့စည်း၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဖွဲ့စည်းပုံကို အရာထမ်းရာထူး (၁၇၂) နေရာ၊ အမှုထမ်းရာထူး (၃၈၁၆) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၃၉၈၈) နေရာဖြင့် ဖွဲ့စည်းပုံပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**ဝန်ကြီးရုံး**

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် )

အမှတ် ၃၈ ။ ။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များ ပြုစုထုတ်ဝေရန်အတွက် "မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

**မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့**

**နာယကအဖွဲ့**

(၁) ဒေါက်တာခင်မောင်ညွန့်
အဖွဲ့ဝင်
မြန်မာ့သမိုင်းအဖွဲ့

(၂) ဒေါ်ကြန် (မကြန်)
အဖွဲ့ဝင်
မြန်မာစာအဖွဲ့

(၃) ဦးထွန်းအောင်ချိန်
ပါမောက္ခ (ငြိမ်း)
သမိုင်းဌာန
ရန်ကုန်တက္ကသိုလ်

(၄) ဒေါက်တာဦးထွန်းတင့်
အဖွဲ့ဝင်
မြန်မာစာအဖွဲ့

**စီစစ်ရေးအဖွဲ့**

| | |
|---|---|
| (၁) စည်သူဒေါက်တာဦးသော်ကောင်း<br>အဖွဲ့ဝင်<br>မြန်မာ့သမိုင်းအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) ဦးတင်ခ (တက္ကသိုလ်တင်ခ)<br>ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (၃) ဒေါက်တာမျိုးသန့်တင်<br>ဥက္ကဋ္ဌ<br>ခတ္တိယနည်းပညာပြန့်ပွားရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)<br>အဖွဲ့ဝင်<br>မြန်မာစာအဖွဲ့ | အဖွဲ့ဝင် |

(၅) ဒေါ်တင်ဘုန်းနွယ် — အဖွဲ့ဝင်
စာကြည့်တိုက်မှူးကြီး (ငြိမ်း)
တက္ကသိုလ်များဗဟိုစာကြည့်တိုက်

(၆) ဦးမြင့်ကြိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
သမိုင်းသုတေသနဦးစီးဌာန

(၇) ဒေါက်တာတိုးလှ — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၂)
မြန်မာ့သမိုင်းအဖွဲ့

(၈) ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၉) ဦးဘသန်း (မဟာဝိဇ္ဇာ) — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဝန်ထမ်းရေးရာဦးစီးဌာန

(၁၀) ဦးမောင်လှိုင် (မောင်ဆွေငယ်) — အဖွဲ့ဝင်
စာတည်းမှူးချုပ် (ငြိမ်း)
စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁၁) ဦးခင်စိုး (စိုးစိုး-ပန်းတောင်း) — အဖွဲ့ဝင်
စာတည်းမှူး (ငြိမ်း)
စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁၂) ဒေါက်တာမျိုးမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
သာသနာရေးဦးစီးဌာန

(၁၃) ဒေါက်တာအောင်မြင့်ဦး — အဖွဲ့ဝင်
ပါမောက္ခ
မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

(၁၄) ဒေါက်တာစိုးနိုင် — အဖွဲ့ဝင်
ပါမောက္ခ
မြန်မာစာဌာန
အနောက်ပိုင်းတက္ကသိုလ်

(၁၅) ဒေါက်တာဒေါ်ခင်သိန်း — အဖွဲ့ဝင်
ပါမောက္ခ (ငြိမ်း)
ပါဠိဌာန
ရန်ကုန်တက္ကသိုလ်

(၁၆) ဦးမြင့်ကြည် — အဖွဲ့ဝင်
အဖွဲ့ဝင်
မြန်မာစာအဖွဲ့

(၁၇) ဦးချစ်စံဝင်း — အဖွဲ့ဝင်
အဖွဲ့ဝင်
မြန်မာ့သမိုင်းအဖွဲ့

(၁၈) ဦးအေးချို (မဟာဝိဇ္ဇာ) — အဖွဲ့ဝင်
စာပေပညာရှင်

(၁၉) ဒေါက်တာမင်းသောင် — အဖွဲ့ဝင်
ပါမောက္ခ
နိုင်ငံတကာဆက်ဆံရေးပညာဌာန
ဒဂုံတက္ကသိုလ်

(၂၀) ဦးသန်းအုန်း (မောင်ဇေယျာ) — အဖွဲ့ဝင်
စာပေပညာရှင်

(၂၁) ဦးစိန်လှိုင် (သူရဇော်) — အဖွဲ့ဝင်
စာပေပညာရှင်

(၂၂) ဒေါက်တာအောင်ထွန်းသက် — အဖွဲ့ဝင်
စာပေပညာရှင်

(၂၃) ဒေါက်တာချောချောစိန် — အဖွဲ့ဝင်
ပါမောက္ခ
နိုင်ငံတကာဆက်ဆံရေးပညာဌာန
ရန်ကုန်တက္ကသိုလ်

(၂၄) ဦးစန်းဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရှေးဟောင်းသုတေသန၊
အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန

(၂၅) ဦးမြဟန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
သမိုင်းသုတေသနဦးစီးဌာန

(၂၆) ဦးကျော်ဝင်း (မနုဿကျော်ဝင်း) — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ယဉ်ကျေးမှုဝန်ကြီးဌာန

(၂၇) ဦးဟုန်ဝမ် (မောင်ဟုန်ဝမ်) — အဖွဲ့ဝင်
ကထိက (ငြိမ်း)
ရန်ကုန်အဝေးသင်တက္ကသိုလ်

(၂၈) ဦးမျိုးအောင် (မျိုးအောင်-ရုက္ခဗေဒ) — အဖွဲ့ဝင်
မူပိုင်ခွင့်ပညာရှင်

(၂၉) ဦးမောင်မောင် (ကြည်ရွှန်း) အဖွဲ့ဝင်
နိုင်ငံတကာဥပဒေပညာရှင်

(၃၀) ဒေါက်တာခင်မောင်ညို အဖွဲ့ဝင်
သိပ္ပံစာရေးဆရာ

(၃၁) ဒေါက်တာလှကြည် အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံဆရာဝန်အသင်း

(၃၂) ဦးမြင့်သူ အဖွဲ့ဝင်
Myanmar Heritage Publishing

(၃၃) ဦးစောမရအောင် အဖွဲ့ဝင်
သမိုင်းပညာရှင်

(၃၄) ဒေါက်တာအောင်မျိုး အဖွဲ့ဝင်
သမိုင်းပညာရှင်

(၃၅) ဒေါ်အုံးကြည် အဖွဲ့ဝင်
အဖွဲ့ဝင်
မြန်မာ့သမိုင်းအဖွဲ့

(၃၆) ဦးဝင်းလွင် အဖွဲ့ဝင်
သံအမတ်ကြီးဟောင်း

(၃၇) ဦးသိန်းလှိုင် အဖွဲ့ဝင်
ရှေးဟောင်းသုတေသနဦးစီးဌာန

(၃၈) ဒေါက်တာမြသောင်း အဖွဲ့ဝင်
သမိုင်းပညာရှင်

(၃၉) စာတည်းမှူး အဖွဲ့ဝင်
စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၄၀) စာတည်းမှူးချုပ် အတွင်းရေးမှူး
စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၄၁) စာတည်း (တာဝန်ခံ) စွယ်စုံနှစ်ချုပ် တွဲဖက်အတွင်းရေးမှူး
စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

## ဝန်ကြီးရုံး

အမှတ် ၃၉ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်မှ စာပေဖွံ့ဖြိုးရေးနှင့်ပုံနှိပ်ထုတ်ဝေရန် စာမူကောင်းများရရှိရေးအတွက် စာပေဗိမာန်စာပေဆုပြိုင်ပွဲဝင်စာမူများကို စိစစ်ရွေးချယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ်များအတွက်

(၂) နှစ်သက်တမ်းရှိသော "စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| ၁။ | ဦးကိုကို (ကို-တက္ကသိုလ်) | ဥက္ကဋ္ဌ |
| ၂။ | ဦးကျော်ဝင်း (မနုဿကျော်ဝင်း)<br>ဒုတိယဥက္ကဋ္ဌ (၂)<br>မြန်မာနိုင်ငံစာရေးဆရာအသင်း | အဖွဲ့ဝင် |
| ၃။ | ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)<br>ဒုတိယဥက္ကဋ္ဌ (၃)<br>မြန်မာနိုင်ငံစာရေးဆရာအသင်း | အဖွဲ့ဝင် |
| ၄။ | ဒေါ်ချိုချိုတင် (မစန္ဒာ)<br>ဗဟိုအမှုဆောင်ကော်မတီဝင်<br>မြန်မာနိုင်ငံစာရေးဆရာအသင်း | အဖွဲ့ဝင် |
| ၅။ | ဦးမြင့်ကြိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>သမိုင်းသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| ၆။ | ဒေါ်ခင်ကြွယ်ဦး<br>ပါမောက္ခ (ငြိမ်း)<br>မြန်မာစာဌာန<br>အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် | အဖွဲ့ဝင် |
| ၇။ | ဦးမောင်လှိုင် (မောင်ဆွေငယ်)<br>စာတည်းမှူးချုပ် (ငြိမ်း)<br>စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၈။ | ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)<br>ဗဟိုအမှုဆောင်ကော်မတီဝင်<br>မြန်မာနိုင်ငံစာရေးဆရာအသင်း | အဖွဲ့ဝင် |
| ၉။ | ဒေါ်မြမြသန်း (မနှင်းဖွေး)<br>ဗဟိုအမှုဆောင်ကော်မတီဝင်<br>မြန်မာနိုင်ငံစာရေးဆရာအသင်း | အဖွဲ့ဝင် |
| ၁၀။ | ဒေါက်တာတင်တင်ဝင်း (ဂျူး)<br>စာပေပညာရှင် | အဖွဲ့ဝင် |
| ၁၁။ | ဒေါက်တာစိုးနိုင်<br>ပါမောက္ခ<br>မြန်မာစာဌာန<br>အနောက်ပိုင်းတက္ကသိုလ် | အဖွဲ့ဝင် |
| ၁၂။ | ဒေါက်တာအေးကျော် (ဆေးသုတေသန)<br>စာပေပညာရှင် | အဖွဲ့ဝင် |

| | |
|---|---|
| ၁၃။ ဦးစိန်ဝင်း (မောင်စိန်ဝင်း-ပုတီးကုန်း)<br>စာပေပညာရှင် | အဖွဲ့ဝင် |
| ၁၄။ ဦးဝင်းငြိမ်း (ဝင်းငြိမ်း)<br>စာပေပညာရှင် | အဖွဲ့ဝင် |
| ၁၅။ ဦးဘသန်း (ဦးဘသန်း-မဟာဝိဇ္ဇာ)<br>ဘာသာပြန်ပညာရှင် | အဖွဲ့ဝင် |
| ၁၆။ ဦးမောင်မောင်အေး (မောင်ဟေမာ)<br>အတွင်းရေးမှူး<br>မြန်မာနိုင်ငံစာရေးဆရာအသင်း | အဖွဲ့ဝင် |
| ၁၇။ ဦးမျိုးအောင် (ငြိမ်းမင်း)<br>စာပေပညာရှင် | အဖွဲ့ဝင် |
| ၁၈။ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)<br>စာပေပညာရှင် | အဖွဲ့ဝင် |
| ၁၉။ ဒေါက်တာတင်မောင်ထွေး (ဒေါက်ထွေး၊ ဆေး-မန်း)<br>စာပေပညာရှင် | အဖွဲ့ဝင် |
| ၂၀။ ဒေါ်ကြည်ကြည်လှ<br>ဘာသာပြန်ပညာရှင် | အဖွဲ့ဝင် |
| ၂၁။ ဦးမောင်မောင်ဦး (ဟိန်းလတ်)<br>စာပေပညာရှင် | အဖွဲ့ဝင် |
| ၂၂။ ဦးသန်းအုန်း (မောင်ဇေယျာ)<br>စာပေပညာရှင် | အဖွဲ့ဝင် |
| ၂၃။ ဦးခင်မောင်ညို (ခင်မောင်ညို-ဘောဂဗေဒ)<br>စာပေပညာရှင် | အဖွဲ့ဝင် |
| ၂၄။ ဦးစိန်လှိုင် (သူရဇော်)<br>စာပေပညာရှင် | အဖွဲ့ဝင် |
| ၂၅။ ဒေါ်သန်းသန်း (ရွှေသဥ္ဇာ)<br>စာပေပညာရှင် | အဖွဲ့ဝင် |
| ၂၆။ ဦးရဲထွန်း (သန်လျင်-မောင်ဝင်းဝါ)<br>စာပေပညာရှင် | အဖွဲ့ဝင် |
| ၂၇။ ဦးစိုးမြင့် (စိုးလွင်မြင့်)<br>စာတည်းမှူး (ငြိမ်း)<br>စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၂၈။ ဦးမျိုးမြင့်သောင်း (မျိုးမြင့်သောင်း-စာပေဗိမာန်)<br>စာတည်းမှူး (ငြိမ်း)<br>စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အဖွဲ့ဝင် |

၂၉။ ဦးညွန့်ဟံ (ညွန့်ဟံ-ကြူတော) အဖွဲ့ဝင်
စာတည်း (တာဝန်ခံ) (ငြိမ်း)
စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

၃၀။ ဦးခင်စိုး (စိုးစိုး-ပန်းတောင်း) အဖွဲ့ဝင်
စာတည်းမှူး (ငြိမ်း)
စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

၃၁။ ဦးစန်းတင့် (တက္ကသိုလ်ဆန်းတင့်နိုင်) အဖွဲ့ဝင်
စာတည်း (တာဝန်ခံ) (ငြိမ်း)
စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

၃၂။ ဦးမျိုးအောင် (မျိုးအောင်-ရုက္ခဗေဒ) အဖွဲ့ဝင်
ပြည့်စုံစာပေတိုက်

၃၃။ ဦးသိန်းစိုး အဖွဲ့ဝင်
သီဟရတနာစာပေတိုက်

၃၄။ ဦးစန်းဦး အဖွဲ့ဝင်
စိတ်ကူးချိုချိုစာပေတိုက်

၃၅။ ဦးမြင့်ထွန်း အဖွဲ့ဝင်
ဆုပြည့်စုံထွန်းစာပေတိုက်

၃၆။ ဦးကျော်ဦး (ကျော်ဦး) အဖွဲ့ဝင်
ပါရမီစာပေတိုက်

## ဝန်ကြီးရုံး

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် )

အမှတ် ၄၀ ။ ။ ပြန်ကြားရေးဝန်ကြီးဌာနမှ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဦးအောင်ကြည် ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(ခ) ဦးရဲထွန်း ဒုတိယဥက္ကဋ္ဌ (၁)
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(ဂ) ဦးပိုက်ထွေး ဒုတိယဥက္ကဋ္ဌ (၂)
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(ဃ) ဦးတင့်ဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(င) ဦးရဲတင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(စ) ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိကြီး (၁) ဦး — အဖွဲ့ဝင်

(ဆ) ဦးမြင့်ဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဇ) ဦးခင်မောင်သက် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

(ဈ) ဦးခင်မောင်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ည) ဒေါက်တာဒေါ်သီတာတင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရခိုင်ပြည်နယ်လွှတ်တော်**

**ရခိုင်ပြည်နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကြမ်း**

**( ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် - ။ )**

၁၃၇၄ ခုနှစ်၊ လ ရက်
( ၂၀၁၃ ခုနှစ်၊ လ ရက် )

**နိဒါန်း**

ရခိုင်ပြည်နယ်လွှတ်တော်သည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရခိုင်ပြည်နယ်အတွင်း ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရခိုင်ပြည်နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ရခိုင်ပြည်နယ်ကို ဆိုသည်။

(ခ) **ပြည်နယ်အစိုးရအဖွဲ့**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ရခိုင်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ရခိုင်ပြည်နယ်အတွင်း ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ကဖွဲ့စည်းသော **ပြည်နယ်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**ကို ဆိုသည်။

(စ) **ကော်မတီရွေးချယ်ရေးအဖွဲ့**ဆိုသည်မှာ ရခိုင်ပြည်နယ်အတွင်း ပုဂ္ဂလိကရေယာဉ်များစနစ်တကျပြေးဆွဲနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းသော ကော်မတီရွေးချယ်ရေးအဖွဲ့ကို ဆိုသည်။

(ဆ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ကော်မတီရွေးချယ်ရေးအဖွဲ့က ဖွဲ့စည်းသော **ရခိုင်ပြည်နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီ**ကို ဆိုသည်။

(ဇ) **လက်အောက်ဌာနခွဲ**ဆိုသည်မှာ ကော်မတီမှ ဖွဲ့စည်းတာဝန်ပေးအပ်သော ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ လက်အောက်ဌာနခွဲများကို ဆိုသည်။

(ဈ) **ကော်မတီရုံး**ဆိုသည်မှာ ကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ရန် တည်ထောင်ဖွဲ့စည်းထားသည့်ရုံးကို ဆိုသည်။

(ည) **ရုံးအကြီးအကဲ**ဆိုသည်မှာ ကော်မတီရုံး၏ ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ဋ) **ဝန်ထမ်း**ဆိုသည်မှာ ကော်မတီက သတ်မှတ်ချက်များနှင့်အညီ ခန့်ထားသူကို ဆိုသည်။

(ဌ) **ရေယာဉ်**ဆိုသည်မှာ စက်စွမ်းအား သို့မဟုတ် အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့် ရေကြောင်းခရီး၌သွားလာပြေးဆွဲပြီး သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသော ရေယာဉ်များကို ဆိုသည်။

(ဍ) **ပုဂ္ဂလိကရေယာဉ်**ဆိုသည်မှာ နိုင်ငံတော်ပိုင်မှတစ်ပါး၊ အခြားရေယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဎ) **ရေယာဉ်လိုင်း**ဆိုသည်မှာ ရခိုင်ပြည်နယ်အတွင်း ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်၊ ချောင်းများတွင် ဝင်ထွက်သွားလာပြေးဆွဲနေသည့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန် ပုဂ္ဂလိကရေယာဉ်များဖြင့် ဖွဲ့စည်းထားသော ရေယာဉ်လိုင်းကို ဆိုသည်။

(ဏ) **ရေယာဉ်အသင်း**ဆိုသည်မှာ ရခိုင်ပြည်နယ်အတွင်း ခရီးသည်ပို့ဆောင်ခြင်း၊ ကုန်စည် ပို့ဆောင်ခြင်း၊ ကမ်းနီးငါးဖမ်းခြင်း၊ ကမ်းဝေးငါးဖမ်းခြင်း၊ လုပ်ငန်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဆောင်ရွက်ရန် ဝင်ထွက်သွားလာပြေးဆွဲနေသည့် ပုဂ္ဂလိကရေယာဉ်များဖြင့် ဖွဲ့စည်းထားသော ရေယာဉ်အသင်းကို ဆိုသည်။

(တ) **ရေယာဉ်ပိုင်ရှင်**ဆိုသည်မှာ တည်ဆဲဥပဒေနှင့်အညီ ရေယာဉ်အား တရားဝင် ပိုင်ဆိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(ထ) **ရေယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိက ရေယာဉ်ပိုင်ရှင်က တာဝန်ပေးခန့်ထားသော သက်ဆိုင်ရာဌာနမှ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် ရေယာဉ်အုပ်၊ စက်ခန်းအုပ် အပါအဝင် ရေယာဉ်တွင် တာဝန်ထမ်းဆောင်နေသူများကို ဆိုသည်။

## အခန်း (၂)
## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၃။ ပြည်နယ်အစိုးရအဖွဲ့သည် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် -

(က) အဖွဲ့ဝင်ဦးရေအများဆုံး (၁၃) ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) ထိုသို့ ဖွဲ့စည်းရာတွင် ဝန်ကြီးအပါအဝင် သင့်လျော်သောဌာနဆိုင်ရာများ၊ ရေယာဉ်ပိုင်ရှင်များနှင့် အခြားသင့်လျော်သော နိုင်ငံသားများပါဝင်ဖွဲ့စည်းရမည်၊

(ဂ) ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးကို တစ်ပါတည်း သတ်မှတ်ရမည်၊

(ဃ) တွဲဖက်အတွင်းရေးမှူးအဖြစ် ရေယာဉ်ပိုင်ရှင်များထဲမှ သင့်လျော်သူတစ်ဦး ပါဝင်ဖွဲ့စည်းရမည်။

၄။ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် ဤဥပဒေပါပြဋ္ဌာန်းချက်များအပြင် နည်းဥပဒေများနှင့်လည်း သတ်မှတ်နိုင်သည်။

## အခန်း (၃)
## ကော်မတီရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၅။ ပြည်နယ်အစိုးရအဖွဲ့သည် ကော်မတီရွေးချယ်ရေးအဖွဲ့ကို ရေယာဉ်ပိုင်ရှင်များအပြင် သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

၆။ (က) ကော်မတီရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ အပါအဝင် အများဆုံးအဖွဲ့ဝင် (၉) ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) ကော်မတီဖွဲ့စည်းရေးအတွက် နည်းလမ်းများ သတ်မှတ်ပေးရမည်၊

(ဂ) ကော်မတီဖွဲ့စည်းရေးလုပ်ငန်း ကုန်ကျစရိတ်များကို ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်၊

(ဃ) ကော်မတီရွေးချယ်ရေးအဖွဲ့၏ သက်တမ်းသည် ကော်မတီကို ဖွဲ့စည်းပြီးကြောင်း အစီရင်ခံစာ တင်သွင်းပြီးချိန်အထိ ဖြစ်သည်၊

(င) ကော်မတီရွေးချယ်ရေးအဖွဲ့ဝင်များသည် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့် စရိတ်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၄)
## ကော်မတီဖွဲ့စည်းခြင်း

၇။ ကော်မတီရွေးချယ်ရေးအဖွဲ့သည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ကော်မတီကို ရေယာဉ်ပိုင်ရှင်များ၏ ဆန္ဒဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) ရေယာဉ်ပိုင်ရှင်များဖြင့် ဖွဲ့စည်းရမည်၊

(ခ) ကော်မတီဝင်ဦးရေ အနည်းဆုံး (၅) ဦးမှ အများဆုံး (၉) ဦးအထိ ပါဝင်ဖွဲ့စည်းရမည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ ရွေးချယ်ခံရသူများက ၎င်းတို့အနက်မှ ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ရမည်၊

(ဃ) ကော်မတီ၏ သက်တမ်းမှာ (၂) နှစ်ဖြစ်သည်၊

(င) ကော်မတီဝင်လစ်လပ်ပါက အစားထိုးရွေးချယ်ရမည်။ အသစ်ခန့်ထားသည့် ကော်မတီဝင်၏ သက်တမ်းသည် ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်သည်။

၈။ ကော်မတီသည် ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့အား တာဝန်ခံရမည်။

၉။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။

## အခန်း (၅)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၀။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်သည့်ရေယာဉ်များ၊ ကမ်းနီးငါးဖမ်းရေယာဉ်၊ ကမ်းဝေးငါးဖမ်းရေယာဉ်များကို အသင်းသို့ ဝင်ရောက်လာစေရေး စည်းရုံးဆောင်ရွက်ခြင်း၊

(ခ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်ပိုင်ရှင်များ၏ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) ကြီးကြပ်ရေးအဖွဲ့မှ တစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက် ရယူပြီးမှသာလျှင် -

(၁) ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှု အဆင်ပြေစေရန်အတွက် ရေယာဉ်လိုင်းများ သတ်မှတ်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်ဖွဲ့စည်းခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်သိမ်းခြင်း၊

(၂) ရေယာဉ်လိုင်းအတွင်း ရေယာဉ်စီးရေပြောင်းလဲခြင်း၊ ရေယာဉ်အမျိုးအစားပြောင်းလဲခြင်း၊

(၃) ရေယာဉ်အသင်းများဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊

(၄) ရေယာဉ်ဆိုက်ကပ်သည့် ဆိပ်ခံတံတားများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်သိမ်းခြင်း၊

(၅) ရေယာဉ်ကို မူလရေယာဉ်လိုင်းမှ အခြားရေယာဉ်လိုင်း၊ မူလရေယာဉ်အသင်းမှ အခြားရေယာဉ်အသင်းသို့ ပြောင်းရွှေ့ပေးနိုင်ရန်အတွက် ဆောင်ရွက်ခြင်း၊

(ဃ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် အနည်းဆုံး (၃) လလျှင်တစ်ကြိမ် တွေ့ဆုံဆွေးနွေးခြင်း၊

(င) ရေယာဉ်လိုင်းများ၊ ရေယာဉ်အသင်းများတွင် ပြေးဆွဲနေသော ရေယာဉ်များအား ထုတ်ပြန်ထားသော တည်ဆဲဥပဒေများကို စဉ်ဆက်မပြတ်လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

(စ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကော်မတီ၏ ရန်ပုံငွေကို သုံးစွဲခြင်း၊

(ဆ) ကော်မတီအစည်းအဝေးကို တစ်လလျှင်တစ်ကြိမ်ကျင်းပခြင်း၊ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပခြင်း၊

(ဇ) နှစ်ပတ်လည်အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပခြင်း၊

(ဈ) ခရိုင်အဆင့်၊ မြို့နယ်အဆင့်လက်အောက်ဌာနခွဲများကို လုပ်ငန်းလိုအပ်ချက်ရှိမှသာ ဖွဲ့စည်းခြင်း၊

(ည) ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၆)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၁။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီရုံးနှင့် လက်အောက်ဌာနခွဲများအား ကြီးကြပ်ခြင်း၊

(ခ) ရေယာဉ်အသင်းများ၊ ရေယာဉ်လိုင်းများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများ၊ ဝန်ထမ်းများ အကြား ဖြစ်ပေါ်လာသည့် ပြဿနာနှင့် အခက်အခဲများကို ညှိနှိုင်းပေးခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ မဖြေရှင်းနိုင်သည့်ကိစ္စများကို ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ လက်အောက်ဌာနခွဲများ၊ ရေယာဉ်အသင်းများ၊ ရေယာဉ် လိုင်းများ၊ ရေယာဉ်များ၊ ရေယာဉ်ဆိပ်ကမ်းများ၊ ရေယာဉ်လုပ်သားများနှင့်ဝန်ထမ်းများလိုက်နာရန် စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(င) ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အရေးယူအပြစ်ပေးခြင်းစသည့် ဝန်ထမ်းရေးရာ ကိစ္စများအပေါ် စီမံခန့်ခွဲခြင်း၊

(စ) ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ပိုင်ခွင့် များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၇)
## ဘဏ္ဍာရေး

၁၂။ ကော်မတီသည် -

(က) မိမိ၏စီမံခန့်ခွဲမှုအောက်ရှိရေယာဉ်များအပေါ်တွင် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောက်ခံရရှိသော ရန်ပုံငွေဖြင့် ရပ်တည်ရမည်၊

(ခ) မိမိ၏ ရန်ပုံငွေနှင့်အခြားနည်းလမ်းဖြင့် ရရှိသောငွေများကို ဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ ကော်မတီ၏ လုပ်ငန်းများတွင် စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရမည်။

(ဂ) မိမိလက်ခံရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကော်မတီ၏ လုပ်ငန်းများတွင် သုံးစွဲနိုင်သည်၊

(ဃ) မိမိရန်ပုံငွေရရှိစေရန် တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက် များနှင့်အညီ စီမံခန့်ခွဲရမည်၊

(င) ရုံးအကြီးအကဲက ရေးဆွဲတင်ပြသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို စိစစ်ပြီး ကြီးကြပ်ရေးအဖွဲ့မှ တစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ထံတင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(စ) ပြည်နယ်အစိုးရအဖွဲ့က အတည်ပြုပြီးသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းပါ ရငွေ၊ သုံးငွေများကို အကောင်အထည်ဖော်ကြီးကြပ်ဆောင်ရွက်ရမည်၊

(ဆ) ကြိုတင်မမျှော်မှန်းနိုင်သောအခြေအနေကြောင့် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် ကိစ္စရပ်များတွင် အတည်ပြုချက်ရရှိပြီးသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းဖြင့် မလုံလောက်ပါက လိုအပ်သောငွေကို ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်၊

(ဇ) ပုဒ်မခွဲ (က) အရ လစဉ်ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံးစရိတ်များအတွက် လချုပ်နှင့် နှစ်ချုပ်ငွေစာရင်းများကို စစ်ဆေးခံနိုင်ရန် ပြုစုထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတိုင်း နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက် ရယူရမည်၊

(ဈ) ကော်မတီမှ အတည်ပြုပြီးသော ရငွေ၊ သုံးငွေစာရင်းနှင့် ဘဏ္ဍာရေးအခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သက်ဆိုင်ရာ စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုကိုခံယူ၍ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ရက်ပေါင်း (၉၀) အတွင်း ကြီးကြပ်ရေးအဖွဲ့ထံ တင်ပြရမည်၊

(ည) မိမိ၏ စုဆောင်းထားရှိသည့် ရန်ပုံငွေများကို လုပ်ငန်းတိုးတက်စေရန်နှင့် ရန်ပုံငွေတိုးပွားစေရန် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည်။

## အခန်း (၈)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၃။ ကော်မတီသည် -

(က) ဝန်ထမ်းဖွဲ့စည်းပုံကို လုပ်ငန်းတာဝန်များအပေါ် အခြေခံလျက် ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်၊

(ခ) ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခန့်ထားနိုင်သည်။

(ဂ) ဝန်ထမ်းများခန့်ထားရာတွင် နှစ်စဉ်ရရှိသောဝင်ငွေ၏ (၃၀) ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲခြင်းမပြုရ၊

(ဃ) ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရုံးအကြီးအကဲအားလိုအပ်သလို လွှဲအပ်နိုင်သည်။

## အခန်း (၉)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၁၄။ ကော်မတီသည် ကော်မတီရုံး၏ လုပ်ငန်းစာရင်းဇယားများနှင့် ရငွေ၊ သုံးငွေစာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန် စာရင်းဇယားများနှင့် ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

၁၅။ ရုံးအကြီးအကဲသည် -

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစုထိန်းသိမ်းထားရမည်၊

(ခ) ကော်မတီက အခါအားလျော်စွာ စာရင်းဇယားများ စစ်ဆေးလိုသည့်အခါ စစ်ဆေးခံနိုင်ရန် ဆောင်ရွက်ထားရမည်၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ပြုစုထားသည့် စာရင်းများနှင့် စပ်လျဉ်း၍ တစ်နှစ်လျှင်တစ်ကြိမ် ပြည်နယ်စာရင်းစစ်ချုပ်ရုံးက တာဝန်ပေးအပ်သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၁၀)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၆။ ကော်မတီသည် ဤဥပဒေအရ ထုတ်ပြန်သော စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသူ သို့မဟုတ်

ရေယာဉ်၊ ရေယာဉ်လိုင်း၊ ရေယာဉ်အသင်းတို့အား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ငွေ အနည်းဆုံးကျပ်တစ်သောင်းမှ အများဆုံးကျပ်တစ်သိန်းထက်မပိုသော ဒဏ်ငွေတပ်ရိုက်ခြင်း၊

(ဂ) ကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်အရ လုပ်ငန်းဆောင်ရွက်ခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

## အခန်း (၁၁)
## အယူခံဝင်ခြင်း

၁၇။ ပုဒ်မ ၁၆ အရ ကော်မတီက ချမှတ်သည့် အမိန့်ကိုမကျေနပ်သူသည် ထိုအမိန့်ကို လိုက်နာဆောင်ရွက်ပြီးမှ ရက်ပေါင်း (၃၀) အတွင်း ကြီးကြပ်ရေးအဖွဲ့ထံသို့ အယူခံဝင်နိုင်သည်။

၁၈။ ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီမှချမှတ်သည့်အမိန့်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၁၉။ ပုဒ်မ ၁၈ အရ ချမှတ်သည့် အမိန့်ကိုမကျေနပ်သူသည် ထိုအမိန့်ကို လိုက်နာဆောင်ရွက်ပြီးမှ ရက်ပေါင်း (၆၀) အတွင်း ပြည်နယ်အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၂၀။ ပုဒ်မ ၁၉ အရ အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်း မပြုရ။

၂၁။ ပြည်နယ်အစိုးရအဖွဲ့မှ ချမှတ်သောအမိန့်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၂။ ပုဒ်မ ၁၆ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၃။ ကော်မတီဝင် သို့မဟုတ် ဝန်ထမ်းအဖြစ် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် မည်သူမဆို ဟန့်တားနှောင့်ယှက်မှု၊ လက်ရောက်မှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မှု ကျူးလွန်လျှင် ထိုသူသည် ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၄။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၃)
## အထွေထွေ

၂၅။ ဤဥပဒေသည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈၊ ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ၊ ၁၉၆၄ ခုနှစ်

ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာနည်းဥပဒေများ၊ ၁၉၆၅ ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ စည်းကမ်းများ၊ ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (ဗဟို) ၏ လုပ်ငန်းများဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၂၆။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းထားသည့် ကြီးကြပ်ရေးအဖွဲ့၊ ကော်မတီ၊ လက်အောက်ဌာနခွဲများကို လုပ်ငန်းလိုအပ်ချက်အရ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဖျက်သိမ်းခြင်းတို့ ပြုနိုင်သည်။

၂၇။ ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ကော်မတီဝင်များသည် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့် စရိတ်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၈။ ကော်မတီသည် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက ကော်မတီဝင်တစ်ဦးကိုဖြစ်စေ၊ လက်အောက်ဌာနခွဲတစ်ခုကိုဖြစ်စေ၊ လက်အောက်ဌာနခွဲမှတာဝန်ရှိသူ တစ်ဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၂၉။ ကော်မတီသည် ပုဒ်မ ၂၂၊ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ အရ တရားစွဲဆိုရာတွင် ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၃၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ကြီးသည် -

(က) လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်လုပ်ငန်း ရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ

## ( ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် - ၅/၂၀၁၃ )

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက် )

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီးအတွင်း သွားလာသည့် ပုဂ္ဂလိကရေယာဉ်လုပ်ငန်း၊ ရေယာဉ်များစနစ်တကျ ပြေးဆွဲနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်လုပ်ငန်း ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ဧရာဝတီတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်၊

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်၊

(င) **ကော်မရှင်**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကရေယာဉ်လုပ်ငန်း ရေယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပေးရန်အတွက် အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော ရွေးချယ်ရေးကော်မရှင်ကို ဆိုသည်၊

(စ) **ကော်မတီ**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်လုပ်ငန်း ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကြီးကြပ်မှုကော်မတီကို ဆိုသည်၊

(ဆ) **ကော်မတီရုံး**ဆိုသည်မှာ ကော်မတီ၏လုပ်ငန်းများဆောင်ရွက်ရန် တည်ထောင်ထားသည့်ရုံးကို ဆိုသည်၊

(ဇ) **ကော်မတီရုံးဝန်ထမ်း**ဆိုသည်မှာ ကော်မတီက နည်းဥပဒေနှင့်အညီ ခန့်ထားသူများကို ဆိုသည်၊

(ဈ) **ရေယာဉ်**ဆိုသည်မှာ ရေတွင် စက်စွမ်းအားဖြင့် မောင်းနှင်သွားလာနိုင်သည့် ယာဉ်တစ်မျိုးမျိုးကို ဆိုသည်၊

(ည) **ရေယာဉ်လိုင်း**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဝင်ထွက်သွားလာပြေးဆွဲနေသည့် စီးပွားရေးအလို့ငှာ ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သည့် ပုဂ္ဂလိကရေယာဉ်များဖြင့် ဖွဲ့စည်းထားသော ရေယာဉ်လိုင်းကို ဆိုသည်၊

(ဋ) **ရေယာဉ်ပိုင်ရှင်**ဆိုသည်မှာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲလုပ်ကိုင်နေကြသော ရေယာဉ်ပိုင်ဆိုင်ခွင့်ရှိသည့်ရေယာဉ်၏ ပိုင်ရှင်ကို ဆိုသည်၊

(ဌ) **ရေယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်၌ ပြေးဆွဲလုပ်ကိုင်နေသော ရေယာဉ်တွင် ကော်မတီက အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသော ရေယာဉ်မောင်းနှင့် ရေယာဉ်လုပ်သားတို့ကို ဆိုသည်၊

(ဍ) **နည်းဥပဒေများ**ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ပြဋ္ဌာန်းသော နည်းဥပဒေများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက ရေယာဉ်လုပ်ငန်းရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်နိုင်ရန်၊

(ခ) ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်ပိုင်ရှင်များနှင့် ရေယာဉ်လုပ်သားများ၏ ရပိုင်ခွင့်များ၊ အခက်အခဲများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရန်၊

(ဂ) တိုင်းဒေသကြီးအတွင်း နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရေးအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ မြေပြင်တွင် လက်တွေ့ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) ရေယာဉ်များ ရေယာဉ်စည်းကမ်း၊ ရေကြောင်းဆိုင်ရာစည်းကမ်းနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်းဖြင့် ရေယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရန်။

## အခန်း (၃)
## ကော်မတီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဤဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ကော်မတီကိုရွေးချယ်၍ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ပြုနိုင်သည်။

၅။ ကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ခရိုင်နှင့်မြို့နယ်အဆင့် ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

၆။ အစိုးရအဖွဲ့သည် ကော်မတီကိုကော်မရှင်၏ကြီးကြပ်မှုဖြင့် ရေယာဉ်ပိုင်ရှင်များက နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ကော်မတီဝင် အနည်းဆုံး (၅) ဦးမှ (၉) ဦးအထိ ပါဝင်ဖွဲ့စည်းရမည်။

၇။ ပုဒ်မ ၆ အရ ရွေးချယ်ခံရသူများက ၎င်းတို့အထဲမှ ကော်မတီ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်ရမည်။

၈။ ကော်မတီသည် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့အား တာဝန်ခံရမည်။

၉။ ကော်မတီ၏သက်တမ်းမှာ ဖွဲ့စည်းအတည်ပြုသည့်နေ့မှစ၍ (၃) နှစ်ဖြစ်သည်။ ကော်မတီအဟောင်းသည် ကော်မတီအသစ်ရွေးချယ်ပြီးသည့်အခါတွင် ကော်မတီအသစ်ထံသို့ တာဝန်နှင့်လုပ်ငန်းအရပ်ရပ်၊ ခံစားပိုင်ခွင့်အရပ်ရပ်ကို (၁၅) ရက်အတွင်း စနစ်တကျ လွှဲပြောင်းပေးရမည်။

၁၀။ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး ရာထူးမှနုတ်ပယ်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ လစ်လပ်လျှင် အစိုးရအဖွဲ့သည် ကော်မရှင်၏ ကြီးကြပ်မှုဖြင့် လစ်လပ်သွားသည့်နေရာ၌ အသစ်ခန့်ထားနိုင်သည်။ အသစ်ခန့်ထားသည့် သက်တမ်းသည် ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်။

၁၁။ ကော်မတီဝင် (၁) ဦး၏သက်တမ်းသည် တစ်ဆက်တည်း ကော်မတီ၏သက်တမ်း (၂) ကြိမ်ထက် မပိုစေရ။

## အခန်း (၄)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၂။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ သယ်ယူပို့ဆောင်သည့် ရေယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးအတွက် စီမံကြီးကြပ်ဆောင်ရွက်ခြင်းနှင့် ရေယာဉ်ပိုင်ရှင်များ၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ကူညီဆောင်ရွက်ပေးခြင်း၊

(ခ) ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့တို့မှ ဥပဒေအရခွင့်ပြုပေးထားသော ရေယာဉ်အသင်းအဖွဲ့များတွင် ဝင်ရောက်ပြေးဆွဲလျက်ရှိသည့် ရေယာဉ်များကို အသင်းဝင်ရေယာဉ်အဖြစ် လက်ခံ၍ လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဂ) ရေယာဉ်လိုင်းများနှင့် ဆိပ်ကမ်းနေရာများ အသစ်တိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ခြင်း၊

(ဃ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် တစ်လလျှင် အနည်းဆုံး တစ်ကြိမ် တွေ့ဆုံဆွေးနွေးခြင်း၊

(င) မိမိလက်အောက်ရှိ ဝန်ထမ်းများကို ကြီးကြပ်ခြင်း၊

(စ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဆ) ကော်မတီအစည်းအဝေးကို တစ်လလျှင် အနည်းဆုံး (၁) ကြိမ်နှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို တစ်နှစ်လျှင် (၁) ကြိမ်ကျင်းပခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းမိတ္တူများကို ဝန်ကြီးထံပေးပို့ခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၃။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီရုံး၊ လက်အောက်ဌာနခွဲများ၊ ခရိုင်နှင့်မြို့နယ်ကော်မတီများကို ကြီးကြပ်ခြင်း၊

(ခ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအား ညှိနှိုင်းပေးခြင်း၊

(ဂ) လိုအပ်ပါက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာနခွဲများ၊ ရေယာဉ်လိုင်းများနှင့် ရေယာဉ်ဆိပ်ကမ်းများလိုက်နာရန် စည်းကမ်းသတ်မှတ်ပေးခြင်း၊

(င) ဝန်ထမ်းများ ခန့်ထားခြင်း၊ လစာတိုးမြှင့်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စများအပေါ် စီမံခန့်ခွဲခြင်း၊

(စ) အစိုးရအဖွဲ့က အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၆)
## ဘဏ္ဍာရေး

၁၄။ ကော်မတီသည် -

(က) နည်းဥပဒေများနှင့်အညီ ရှာဖွေရရှိသော မိမိရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်၊

(ခ) မိမိ၏ရန်ပုံငွေကို သီးခြား ဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ ကော်မတီ၏လုပ်ငန်းများတွင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရမည်၊

(ဂ) ကော်မတီသည် ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် ကော်မတီရုံးဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများတွင် နည်းဥပဒေနှင့်အညီ ငွေကြေးသုံးစွဲနိုင်သည်၊

(ဃ) ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲနိုင်သည်၊

(င) မိမိ၏ရန်ပုံငွေရရှိစေရန် နိုင်ငံတော်၏ တည်ဆဲဥပဒေများ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၁၅။ ကော်မတီသည် -

(က) နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းကိုရေးဆွဲပြီး အစိုးရအဖွဲ့ထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ခ) မိမိ၏ ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ တင်ပြရမည်၊

(ဂ) လစဉ် ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံးစာရင်းများအတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများကို အစစ်ဆေးခံနိုင်ရန် ပြုစုထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် တင်ပြရမည်။

## အခန်း (၇)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၆။ ကော်မတီသည် -

(က) လုပ်ငန်းတာဝန်များကိုအခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်၊

(ခ) တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို ခန့်ထားရမည်၊

၁၇။ ကော်မတီသည် ဝန်ထမ်းများခန့်ထားခြင်းအတွက် ရန်ပုံငွေမှကျခံသုံးစွဲရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ (၃၀) ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲခြင်းမပြုရ။

၁၈။ ကော်မတီသည် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၈)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၁၉။ ကော်မတီသည် စာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုရန် အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ညှိနှိုင်းသတ်မှတ်ရမည်။

၂၀။ ကော်မတီဥက္ကဋ္ဌသည် -

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစု ထိန်းသိမ်းထားရှိရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများကို ဝန်ကြီးက တာဝန်ပေးအပ်သောသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၁။ ဤဥပဒေအရထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း တွေ့ရှိပါက ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

၂၂။ ပုဒ်မ ၂၁ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ပျက်ကွက်သည့်နေ့အသီးသီးအတွက် တစ်ရက်လျှင် အနည်းဆုံး ငွေဒဏ် ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ် ကျပ်သုံးသောင်းအထိ ပေးဆောင်စေရမည်။

၂၃။ အစိုးရအဖွဲ့သည် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ဖြင့် လုပ်ငန်းလိုင်စင်၊ ရေယာဉ်လိုင်းပြေးဆွဲခွင့်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၄။ မည်သူမဆို ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်လိုင်းတစ်ခုခုတွင် မှတ်ပုံတင်ရမည်။ မှတ်ပုံတင်ခြင်းမရှိဘဲ ရေယာဉ်ပြေးဆွဲခြင်းပြုလျှင် (၆) လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၅။ မည်သူမဆို ကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းတစ်ဦးဦးက ကော်မတီ သို့မဟုတ် ကော်မတီဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် သို့မဟုတ် တာဝန်ဝတ္တရားဆောင်ရွက်ရန် အားထုတ်နေစဉ် ထိုကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းကို ဟန့်တားနှောင့်ယှက်မှု၊ လက်ရောက်မှု သို့မဟုတ် အနိုင်အထက်ပြုမှု ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် စည်းမျဉ်းစည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်အရ ဒဏ်ကြေးငွေပေးဆောင်ရန် ဆက်လက် ပျက်ကွက်သည့်ရက်မှာ (၁၀) ရက်အထိ ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၆) လထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၂၈။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ ဥပဒေနှင့်အညီ ဆက်ခံခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိစေရမည်။

၂၉။ ဤဥပဒေ အခန်း (၁၀) ပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၀။ ရေယာဉ်အသင်းသည် ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီထံ လုပ်ငန်းနှင့် ပိုင်ဆိုင်ခွင့် အရပ်ရပ်ကို အစိုးရအဖွဲ့က တာဝန်ပေးခံရသော အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းစေရမည်။

၃၁။ ဤဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ၊ ၁၉၆၄ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ ၁၉၆၅ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး

လုပ်ငန်းများဆိုင်ရာ စည်းကမ်းဥပဒေများ၊ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈ တို့နှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၃၂။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိ လက်အောက်ရှိ ဌာနခွဲတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၃။ ကော်မတီတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၄။ ပုဒ်မ ၂၅၊ ၂၆ နှင့် ၂၇ တို့အရ တရားစွဲဆိုရာတွင် ဝန်ကြီး၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၃၅။ ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်ပါက ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ အယူခံ ဝင်နိုင်သည်။

၃၆။ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာများနှင့် စည်းကမ်းချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းအောင်၊
ဝန်ကြီးချုပ်၊
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့။

# ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## ( ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် - ၆/၂၀၁၃ )

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက် )

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၅ တွင် ပါရှိသော "သင့်လျော်သော နိုင်ငံသားများ" ဆိုသည့် စကားရပ်၏နောက်တွင် "နှင့် နိုင်ငံ့ဝန်ထမ်းများ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းအောင်၊
ဝန်ကြီးချုပ်၊
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရခိုင်ပြည်နယ်လွှတ်တော်

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် - ၂ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက် )

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယား၊ ကိန်းဂဏန်းများ တိကျမှန်ကန်ရေး ဦးတည်ချက်များကို ရရှိစေရေးအတွက် ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်ပါသည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်စီမံကိန်း၏ တတိယနှစ်ကာလအတွက် အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သောလုပ်ငန်း အစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိက မျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။ ငါးနှစ်စီမံကိန်းတွင် အခြေခံနှစ်သည် ၂၀၁၀-၂၀၁၁ ခုနှစ်ဖြစ်သည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ်တွင် ဖြစ်ပေါ်ခဲ့သော ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ နိုင်ငံတော်က ဖွဲ့စည်းသတ်မှတ်ထားသော စီးပွားရေးကဏ္ဍ (၁၄) ရပ်ကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှု ကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) စသည်ဖြင့် ခွဲခြားခြင်းကို ဆိုသည်။

## အခန်း (၂)

## စီမံကိန်းလျာထားချက်

၃။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ရခိုင်ပြည်နယ်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ပုံမှန်ဈေးနှုန်းအရ ၆.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၁.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၄.၈ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၉၄၉၂၀၀၀၀ နှင့် ကျပ်သန်းပေါင်း ၁၀၄၁၁၄၀.၉ ရရှိရေးဆောင်ရွက်သွားရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၅.၅ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၅. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၁. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၇၆. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂၂. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၁၁. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၈. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ရခိုင်ပြည်နယ်၏ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၉. ၃ ရာခိုင်နှုန်းမှ ၂၈. ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုလက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁. ၅ ရာခိုင်နှုန်းမှ ၂၂. ၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၉. ၂ ရာခိုင်နှုန်းမှ ၄၉. ၆ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရန်၊

(ဃ) လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် အရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

## အခန်း (၃)

## အထွေထွေ

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်အစိုးရ၏ ဝန်ကြီးဌာနများသည် မိမိတို့နှင့်သက်ဆိုင်သည့်ကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၏ မူဝါဒနှင့်မဆန့်ကျင်ဘဲ ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လှမောင်တင်၊
ပြည်နယ်ဝန်ကြီးချုပ်၊
ရခိုင်ပြည်နယ်အစိုးရအဖွဲ့။

ပူးတွဲ (၁)

## ရခိုင်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ကဏ္ဍကြီးများအလိုက် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်

(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်း)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍကြီးများ အမည် | ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာ | ၅၂၉၁၃၈.၇ | ၂၉.၃ | ၅၄၃၀၇၈.၈ | ၂၈.၄ | ၂.၆ |
| ၂ | စက်မှု | ၃၈၆၈၄၈.၃ | ၂၁.၅ | ၄၂၁၁၉၉ | ၂၂.၀ | ၈.၉ |
| ၃ | ဝန်ဆောင်မှု | ၈၈၆၇၉၇.၅ | ၄၉.၂ | ၉၅၀၀၄၁.၀ | ၄၉.၆ | ၇.၁ |
| ၄ | အသားတင်ထုတ်လုပ်မှု | ၁၈၀၂၇၈၄.၅ | ၁၀၀.၀ | ၁၉၁၄၃၁၈.၈ | ၁၀၀.၀ | ၆.၂ |

ပူးတွဲ (၂)

**ရခိုင်ပြည်နယ်၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်း)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍအမည် | ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၉၁၅၉၈၇. ၀** | **၅၀. ၈** | **၉၆၄၂၇၇. ၈** | **၅၀. ၄** | **၅. ၃** |
| | ၁ | လယ်ယာ | ၃၁၄၀၉၅. ၄ | ၁၇. ၄ | ၃၁၉၉၅၀. ၃ | ၁၆. ၇ | ၁. ၉ |
| | ၂ | သားငါး | ၂၀၉၈၅၉. ၇ | ၁၁. ၆ | ၂၁၈၁၉၂. ၁ | ၁၁. ၄ | ၄. ၀ |
| | ၃ | သစ်တော | ၅၁၈၃. ၆ | ၀. ၃ | ၄၉၃၆. ၄ | ၀. ၃ | -၄. ၈ |
| | ၄ | စွမ်းအင် | | | ၃၂၃၅. ၈ | ၀. ၂ | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၉၁၀. ၆ | ၀. ၂ | ၂၇၅၀. ၄ | ၀. ၁ | -၅. ၅ |
| | ၆ | စက်မှုလက်မှု | ၂၂၃၇၀၅. ၁ | ၁၂. ၄ | ၂၄၆၆၉၄. ၅ | ၁၂. ၉ | ၁၀. ၃ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၇၅၂၁. ၁ | ၀. ၄ | ၈၀၆၂. ၆ | ၀. ၄ | ၇. ၂ |
| | ၈ | ဆောက်လုပ်မှု | ၁၅၂၇၁၁. ၅ | ၈. ၅ | ၁၆၀၄၅၅. ၇ | ၈. ၄ | ၅. ၁ |
| **၂** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၆၂၀၆၃၁. ၂** | **၃၄. ၄** | **၆၆၀၀၈၂. ၂** | **၃၄. ၅** | **၆. ၄** |
| | ၁ | ပို့ဆောင်ရေး | ၅၀၇၂၇၈ | ၂၈. ၁ | ၅၁၄၆၈၄. ၂ | ၂၆. ၉ | ၁. ၅ |
| | ၂ | ဆက်သွယ်ရေး | ၂၉၀၁၀. ၁ | ၁. ၆ | ၅၁၁၃၇. ၈ | ၂. ၇ | ၇၆. ၃ |
| | ၃ | ငွေရေးကြေးရေး | ၇၇၇. ၄ | ၀. ၀၄ | ၉၄၉. ၃ | ၀. ၀၅ | ၂၂. ၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၉၉၉၈. ၀ | ၁. ၇ | ၃၃၄၈၄. ၃ | ၁. ၇ | ၁၁. ၆ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၅၃၅၆၇. ၇ | ၃. ၀ | ၅၉၈၂၆. ၆ | ၃. ၁ | ၁၁. ၇ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၆၆၁၆၆. ၃** | **၁၄. ၈** | **၂၈၉၉၅၈. ၈** | **၁၅. ၁** | **၈. ၉** |
| **၄** | | **အသားတင်ထုတ်လုပ်မှုတန်ဖိုး** | **၁၈၀၂၇၈၄. ၅** | **၁၀၀. ၀** | **၁၉၁၄၃၁၈. ၈** | **၁၀၀. ၀** | **၆. ၂** |

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် ( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

အမှတ် ၄ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၃) ခွင့်ပြုချက်အရ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်းနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ (ကျား) ကျောင်းမှ အောက်ဖော်ပြပါ အရာထမ်းများအား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှစ၍ ယှဉ်တွဲပါရာထူးနေရာများသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး/ဌာန/လစာနှုန်း | တိုးမြှင့်မည့်ရာထူး/ဌာန/လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်မော်မော်ဆွေ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဗဟိုလေ့ကျင့်ရေးကျောင်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး<br>ရုံးချုပ်<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |
| ၂။ | ဦးစန်းငွေ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဗဟိုလေ့ကျင့်ရေးကျောင်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | တွဲဖက်ပါမောက္ခ/ဒု-ဌာနမှူး<br>အရှေ့တိုင်းပညာဌာန<br>(ပါမောက္ခရာထူးကို<br>ကျော်ထောက်နောက်ခံပြု၍)<br>ဒီဂရီကောလိပ် (စစ်ကိုင်း)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |
| ၃။ | ဦးအောင်မြတ်မင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(ကျောင်းအုပ်)<br>ပရဟိတ (ကျား) ကျောင်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး<br>ရုံးချုပ်<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |

စံရွှေအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက် )

အမှတ် ၅။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာပါ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းကို ဖြည့်စွက်ကြေညာလိုက်သည် -

**ဇယား "က" လမ်းမကြီးများ**
**တနင်္သာရီတိုင်းဒေသကြီး**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | မိုင် | ဖာလုံ | |
| (၁) | (၂) | (၃) | | (၄) | | (၅) | | (၆) |
| ၂၃။ | ကတန်ကျွန်းပတ်လမ်း | | | ၅၄ | ၅ | | | |

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင် ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင်အရှည်ကို (၇၆၆ မိုင် ၂ ဖာလုံ) အစား (၈၂၀ မိုင် ၇ ဖာလုံ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

အမှတ် ၆။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကရင်ပြည်နယ်အတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၁၉၇၈ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာပါ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းမိုင်ကို နုတ်ပယ်၍ ပြင်ဆင်ကြေညာလိုက်သည် -

**ဇယား "က" လမ်းမကြီးများစာရင်းမှ နုတ်ပယ်လိုက်သောလမ်းမကြီး**
**ကရင်ပြည်နယ်**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၈။ | ဖာပွန်မြို့တွင်းလမ်း | ၄ | - | - | ၁ | ၃၄၀' | ၃ | ၆ | ၃၂၀' | |

ကရင်ပြည်နယ်အတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင် ပါရှိသော ဇယား “က” လမ်းမကြီးများ၏ စုစုပေါင်း မိုင်အရှည်ကို (၈၅၈ မိုင် ၀ ဖာလုံ) အစား (၈၅၄ မိုင် ၁ ဖာလုံ ၃၄၀ ပေ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

စိုးကိုကို၊
ညွှန်ကြားရေးမှူးချုပ်၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## ရုံးအမှတ် (၃၂)

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

**ဘာဂျာပိန့်(စ်) မန်နူဖက်ချာရင်းလီမိတက်အား နိုင်ငံသားပိုင် မြန်မာကုမ္ပဏီအဖြစ် ပြောင်းခြင်း**

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၄/၁၉၉၈) ဖြင့် စက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၆ ဂျေဗွီ/၁၉၉၈-၁၉၉၉ ဖြင့် မှတ်ပုံတင်ပေးခဲ့သည့် ဘာဂျာပိန့်(စ်) မန်နူဖက်ချာရင်းလီမိတက်မှ အစုရှယ်ယာများ ပြောင်းလဲပြီး ဖြစ်ပါ၍ ဤအမိန့်ကြော်ငြာစာဖြင့် နိုင်ငံသားပိုင် မြန်မာကုမ္ပဏီအဖြစ် ပြောင်းလဲလိုက်သည်။

(ပုံ) အောင်နိုင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် )

အမှတ် ၁၈၉ ။ ။ အောက်ဖော်ပြပါ စာရင်းစစ်အရာရှိ/မြို့နယ်စာရင်းစစ်အရာရှိများအား မိမိတို့ အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့်ရက်မှစ၍ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရရှိသည့် လက်ထောက် ညွှန်ကြားရေးမှူး/ခရိုင်စာရင်းစစ်အရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|
| ၁။ | ဒေါ်ခင်ခင်အေး (၂၅၆၁) | ဒဂုံ | ကချင်ပြည်နယ် (ရုံးအဖွဲ့) |

| စဉ် | အမည် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|
| ၂။ | ဒေါ်ရှယ်လီတင် (၃၄၃၇) | ဗိုလ်တထောင် | ကချင်ပြည်နယ် |
| ၃။ | ဒေါ်စန်းစန်းရည် (၄၄၂၃) | မန္တလေးတိုင်းဒေသကြီး (ရုံးအဖွဲ့) | မြစ်ကြီးနားခရိုင် |
| ၄။ | ဒေါ်ခင်စန်းဌေး (၃၆၅၂) | မကွေးတိုင်းဒေသကြီး (ရုံးအဖွဲ့) | ကယားပြည်နယ် |
| ၅။ | ဒေါ်ရီရီတင် (၃၀၇၆) | ရန်ကင်း | လွိုင်ကော်ခရိုင် |
| ၆။ | ဒေါ်သန်းသန်းစိန် (၃၂၁၇) | မကွေးတိုင်းဒေသကြီး | ကော့ကရိတ်ခရိုင် |
| ၇။ | ဒေါ်စိန်ရီ (၄၁၀၈) | ရန်ကုန်တိုင်းဒေသကြီး | စစ်ကိုင်းတိုင်းဒေသကြီး (ရုံးအဖွဲ့) |
| ၈။ | ဒေါ်လှသန်း (၄၈၅၄) | ရခိုင်ပြည်နယ် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဒေါ်မိုးမိုးရီ (၂၉၄၉) | မကွေး | မကွေးတိုင်းဒေသကြီး (ရုံးအဖွဲ့) |
| ၁၀။ | ဒေါ်ဦးဦးမြင့် (၂၆၁၄) | မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး |
| ၁၁။ | ဒေါ်သာနှင်း (၂၈၃၂) | မန္တလေးတိုင်းဒေသကြီး | မြင်းခြံခရိုင် |
| ၁၂။ | ဒေါ်ခင်မာထွေး (၂၅၇၆) | မအူပင် | ရှမ်းပြည်နယ် |
| ၁၃။ | ဒေါ်အေးချိုဦး (၄၁၈၉) | ရန်ကုန်တိုင်းဒေသကြီး | ကွမ်းလုံခရိုင် |
| ၁၄။ | ဦးထွန်းထွန်းနိုင် (၄၄၅၂) | ပဲခူးတိုင်းဒေသကြီး | မိုင်းဆတ်ခရိုင် |
| ၁၅။ | ဒေါ်ညွန့်ကြည် (၃၆၇၉) | တန့်ဆည် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (စစ်ဆေးရေး) |
| ၁၆။ | ဒေါ်မြင့်မြင့်အေး (၄၁၉၂) | မန္တလေးတိုင်းဒေသကြီး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (စစ်ဆေးရေး) |
| ၁၇။ | ဒေါ်ခင်လှ (၃၀၉၃) | ကွတ်ခိုင် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (စစ်ဆေးရေး) |
| ၁၈။ | ဦးဌေးဝင်း (၄၄၄၃) | ရွှေတောင် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (စီမံ-ပစ္စည်း) |

ခင်စန်းဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် ( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**စပေ့(စ်)ဒေါ့စတူရီယို ကုမ္ပဏီလီမိတက်**

**Space Dog Studio Company Limited. အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၉-၉-၂၀၁၃ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (H-၉၈)၊ ရွှေသရဖီ (၃) လမ်း၊ F.M.I City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)

အထက်တန်းရှေ့နေ (စဉ်-၂၁၉၆၂)

**သစ္စာတစ်လွှား ကုမ္ပဏီလီမိတက်**

**Thitsar Tahlwa Company Limited. အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၉-၉-၂၀၁၃ |
| ကျင်းပမည့်အချိန် | - | နံနက် (၁၀း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (၅/၆၂)၊ ဝေဇယန္တာလမ်း၊ (၁၆/၂) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၉၆၂)

**NOTICE**

Commencement of Winding Up of the Affairs of

**Komatsu Asia & Pacific Pte. Ltd.**

**(Yangon Branch)**

In pursuant of the Ministry of National Planning and Economic Development's Press Release No. 2/94 dated 14th Jaunuary 1994, I hereby given notice that **Komatsu Asia & Pacific Pte. Ltd. (Yangon Branch)** will commence the winding up its affairs in Myanmar on August 9, 2013.

I, the undersigned Liquidator of the above named Company, have fixed September 9, 2013 as the day on or before which the creditors of the Company are to prove their debts or claims otherwise they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidators at the address given below, before the above date.

U Htain Lin of
Khin Su Htay & Associates Liquidator
Building No. C1, Room No. 005, Ground Floor,
Hninnsi Street, Yuzana Highway complex,
Kamayut Township, Yangon, Myanmar.

**ခင်နန္ဒာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**Khin Nandar Trading Company Limited. အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၉-၉-၂၀၁၃ |
| ကျင်းပမည့်အချိန် | - | နံနက် (၁၁း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အခန်းအမှတ် (ဂျီ/၀၂)၊ ကွန်ဒို (အီး)၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ (၈) မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၉၆၂)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**ပန်းသတင်း ကုမ္ပဏီလီမိတက်**

**(Flower News Company Limited)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အခန်းအမှတ် (၀၈-၀၈/၁၁)၊ လပြည့်ဝန်းပလာဇာ၊ အမှတ်-(၃၇)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်း တင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များ ရှင်းပြရန်။

ခင်စောယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**ပန်း ၆ ပွင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**(Flower Six Trading Company Limited)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် - (၁၂)၊ (၃) လမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်း တင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များ ရှင်းပြရန်။

ခင်စောယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**ကံကောင်း ရွှေထုတ်လုပ်မှုကုမ္ပဏီလီမိတက်**

**(Kan Kaung Gold Manufacturing Company Limited)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် - (၅၁)၊ (၇၄) လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ စိတ္တရမဟီ ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်း တင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များ ရှင်းပြရန်။

ခင်စောယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၉-၈-၂၀၁၃။